## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ (၂၂-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

<table>
<tr><th>စဉ်</th><th>မေးခွန်း</th><th>အဖြေ</th></tr>
<tr><td>၁။</td><td>ဒေါက်တာအောင်ကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က နေပြည်တော်ကောင်စီနယ်မြေတွင် အများပြည်သူ ဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများ ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။</td><td>ပို့ဆောင်ရေးဝန်ကြီးဌာနက ယာဉ်လိုင်း (၃)လိုင်းမှ Light Truck ယာဉ်များဖြင့်လည်းကောင်း၊ တော်ဝင်ယာဉ်လိုင်းဖြင့် လမ်းကြောင်း (၄)ခု သတ်မှတ်၍ Bus ကားများဖြင့်လည်းကောင်း ပြေးဆွဲလျက်ရှိပြီး EV Bus ကားများဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။</td></tr>
<tr><td>၂။</td><td>ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်က တစ်နိုင်ငံလုံးရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်ငွေ သတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို မေးမြန်းပါသည်။</td><td rowspan="2">ပို့ဆောင်ရေးဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်မှစ၍ လိုင်စင်မဲ့မော်တော် ဆိုင်ကယ်များအား One Stop Service စီမံချက်ဖြင့် တရားဝင် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးခဲ့သော်လည်း တရားမဝင် ဝင်ရောက်မှုများ ရပ်ဆိုင်းခြင်း မရှိသဖြင့် မှတ်ပုံတင်ပေးခြင်းကို ၂၀၁၃ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပြီး တရားဝင် ခွင့်ပြုချက်ဖြင့် ပြည်ပမှ တင်သွင်းသည့် မော်တော်ဆိုင်ကယ်နှင့် ပြည်တွင်းတွင် ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်များကိုသာ စာရွက်စာတမ်းအထောက် အထားများရယူ၍ တရားဝင်မှတ်ပုံတင် ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။</td></tr>
<tr><td>၃။</td><td>ဦးစောဟေသားကြီး၊ သံတောင်ကြီးမဲဆန္ဒနယ်က လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ လုပ်ပေးနိုင်ပါက ဘယ်ချိန်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် မလုပ်ပေးနိုင်ပါက အဘယ်ကြောင့် မလုပ်ပေးနိုင်ခြင်းကို မေးမြန်းပါသည်။</td></tr>
</table>

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏** တပ်ကုန်းမြို့နယ်အတွင်းရှိ သစ်ဆိန်ပင်၊ ဖောင်တော၊ အနော်ရထာရပ်ကွက်၊ လက်ပံကုန်းနှင့် ရှောက်ကုန်း ကျေးရွာများ၏ ကမ်းပါးများ ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းနှင့် ရေကြောင်းရေလျှံ ချောင်းပေါက်ထွက်မှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြတောင်းခံခဲ့ပြီး ရန်ပုံငွေပါဝင်ခဲ့ခြင်းမရှိသည့်အတွက် အသေးစိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေး၍ နောင်လာမည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်း လျာထားပြီး ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးဝင်းဆွေ၊ ခရမ်းမဲဆန္ဒနယ်က** ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံ(၃)ခုတို့တွင် ဆရာဝန်နှင့် သူနာပြုများ လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** တိုက်နယ်ဆေးရုံတိုင်းတွင် အနည်းဆုံး ဆရာဝန် (၁)ဦး ထားရှိနိုင်ရေးမူအရ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း သစ်လွင်သူနာပြုများ ခန့်ထားသည့်အချိန်တွင် သူနာပြု(၆)ဦး ခွဲဝေခန့်ထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးစိုင်းဆန်စိန်၊ တန့်ယန်းမဲဆန္ဒနယ်က** တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ၅၀ ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ဆေးရုံခွင့်ပြုခုတင်အသုံးချမှု ရာခိုင်နှုန်းပြည့်မီခြင်းမရှိပါသဖြင့်ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် လိုအပ်သည့်ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၇။ | **ဦးခင်မောင်ထွန်း၊ဖောင်းပြင်မဲဆန္ဒနယ်က** ဖောင်းပြင်မြို့ ခုတင်(၅၀) ဆံ့ ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီးတစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများ လိုအပ်လျက်ရှိပါသဖြင့် တာဝန်ချ ခန့်ထား ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တာဝန်ချထားပေးမည်ဖြစ်ပြီး ဆရာဝန်နှင့် သူနာပြု လိုအပ်ချက်များကို လုပ်ငန်းစွမ်းဆောင်ရည်နှင့်အတူ တာဝန်ချထားပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးထွန်းထွန်းနိုင်၊ စဥ့်ကိုင်မဲဆန္ဒနယ်က** စဥ့်ကိုင်မြို့နယ်၊ ရွှေလုံဗိုလ် (ကံအောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်လျက်ရှိပါ သောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ရွာဘို နှင့် နတ်ရေကန် ကျေးလက်ကျန်းမာရေး ဌာနခွဲများမှ စောင့်ရှောက်မှုပေးနိုင်သည့် အကွာအဝေးတွင်ရှိသည့် ကျေးရွာ တစ်ရွာ ဖြစ်သည့်အပြင် မြို့နယ်ဆေးရုံများသို့ သွားရောက်ရန် ခက်ခဲသည့် နယ်မြေမဟုတ်သည့်အတွက် ခွင့်ပြုပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြား ပါသည်။ |